# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

September 25, 2020 | Volume 35, Number 19


**၂၅.၉.၂၀၂၀**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၈၆၈ US$ |
| မြန်မာ့ရွှေဈေး | = ၁၃၀၂၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၁၃၁၁/- ကျပ် |
| CBM Rate | = ၁၃၀၉.၄ ကျပ် |
| ယူရို တစ်ယူရို | = ၁၅၂၆.၇ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၉၅၂.၇၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၆၇၁.၆ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၂၆.၁၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၁၉၂.၀၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၇.၇၉၄ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၁.၆၉ ကျပ် |
| မလေးရှားရင်းဂစ် | =၃၁၄.၂၃ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၁.၅၂၉ ကျပ် |

Source: CBM Rate, etrademyanmar.com

## ပြည်တွင်းထုတ်ဆီဈေးနှုန်း တည်ငြိမ်သော်လည်း စားအုန်းဆီဈေးနှုန်းမြင့်တက်လာ



စက်တင်ဘာလလယ်ပိုင်းတွင် ပြည်တွင်းထုတ်ဆီဈေးကွက်အတွင်း ဈေးနှုန်း တည်ငြိမ်နေသော်လည်း စားအုန်းဆီ ဈေးနှုန်းမြင့်တက်လာကြောင်း မန္တလေးတိုင်းဒေသကြီး ဆီစက်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးဆန်းထွန်းလွင်၏ပြောပြချက်အရ သိရသည်။ COVID-19 ရောဂါကာကွယ်ထိန်းချုပ်ရေးကာလဖြစ်သော်လည်း ပြည်တွင်းထုတ်ဆီဈေးကွက်တွင် မြေပဲဆီအပါအဝင် နေကြာဆီဈေးနှုန်းများ မြင့်တက်ခြင်းမရှိဘဲ ပုံမှန်ဈေးနှုန်းဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရသည်။ မကြာမီ နယ်အနှံ့မှ မြေပဲကုန်ကြမ်းများ ထပ်မံဝင်ရောက်လာမည်ဖြစ်သဖြင့် မြေပဲဆီဈေးနှုန်း မြင့်တက်မည့် အလားအလာမရှိကြောင်း၊ ထို့ပြင် မန္တလေးတိုင်းဒေသကြီး ဆီစက်လုပ်ငန်းရှင်များ အသင်းအနေဖြင့် COVID-19 ရောဂါကာကွယ်ထိန်းချုပ်ရေး ကာလအတွင်း မြေပဲဆီနှင့် နေကြာဆီဈေးနှုန်းများ မြင့်တက်မှုမရှိစေရန် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

နိုင်ငံတကာဈေးကွက်တွင် တရုတ်နိုင်ငံက စားအုန်းဆီဝယ်ယူမှုများသဖြင့် ဈေးနှုန်း မြင့်တက်လာပြီး ပြည်တွင်း၌လည်း စားအုန်းဆီဈေးနှုန်းမြင့်တက်လာရခြင်းဖြစ်သည်။ “စားအုန်းဆီဈေးမြင့်တက်လာတယ်။ မန္တလေးမှာ စားအုန်းဆီတစ်ပိဿာကို ငွေကျပ် ၂၀၀၀ လောက်ဖြစ်သွားတယ်။ ရန်ကုန်မှာတစ်ပိဿာကို ငွေကျပ် ၁၉၀၀ လောက် ရှိတယ်”ဟု ဦးဆန်းထွန်းလွင်ကပြောသည်။

ပြည်တွင်းထုတ် ဆီဈေးကွက်တွင် မြေပဲဆီဈေးနှုန်းမှာ အရည်အသွေးကိုလိုက်၍ တစ်ပိဿာလျှင် ငွေကျပ် ၆၅၀၀ မှ ၇၀၀၀ ကြား၊ နေကြာဆီဈေးနှုန်းမှာ တစ်ပိဿာလျှင် ငွေကျပ် ၅၀၀၀ မှ ၅၅၀၀ ကြားရှိကြောင်းသိရသည်။

**Source:** https://www.myawady.net.mm/node/2172


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## ဆန်စျေးမြင့်တက်မှုမရှိစေရန် ဆန်ကုန်သည်အသင်းက ရပ်ကွက်လက်လီဆိုင်များကို အရောက်ပို့စနစ်ဖြင့် ရောင်းချမည်



ရန်ကုန်တိုင်းအတွင်းရှိ ရပ်ကွက်များတွင် Stay at Home သတ်မှတ်ကာလအတွင်း ဆန်စျေးမြင့်တက်ရောင်းချမှု မဖြစ်ပေါ်စေရန် လက်လီဆိုင်အရောက်ပို့စနစ်ဖြင့် ဆန်ရောင်းချသွားမည်ဟု မြန်မာနိုင်ငံဆန်စပါးကုန်သည်အသင်းဥက္ကဋ္ဌ ဦးအောင်သန်းဦးကပြောသည်။ ဆန် ၁၀ အိတ်က စတင်ပြီး အိတ် ၅၀ အထိ ဝယ်ယူမည့် လက်လီဆန်အရောင်းဆိုင်များကို အိမ်အရောက်ပို့စနစ်ဖြင့် ရောင်းချမည်ဖြစ်သည်။ ဆန်ရောင်းချရာတွင် ဆန်ကြမ်း ၂၅မှတ်အမျိုးအစား တစ်အိတ်လျှင် ၂၃၂၀၀ ကျပ်စျေး သတ်မှတ်ထားပြီး အဆိုပါ ဆန်ကိုလက်လီဆိုင်များက တစ်ပြည် ၁၀၀၀ ကျပ်စျေးဖြင့် ပြန်လည်ရောင်းချရမည်ဖြစ်သည်။

ပြည်တွင်း အဓိကစားသုံးသည့် ပေါ်ဆန်းအပါအဝင် ဆန်ချောများနှင့် ပြည်တွင်းစားသုံးသည့် ဆန်ကြမ်းရှယ်အမျိုးအစားများကို ကုန်စည်ဒိုင်ပေါက်စျေးဖြင့် ဆိုင်အရောက်ရောင်းချပေးမည်ဟု ဦးအောင်သန်းဦးကပြောသည်။ ပြည်တွင်းအဓိကစားသုံးသည့် ပေါ်ဆန်းကဲ့သို့ ဆန်ချောများနှင့် ဆန်ကြမ်းရှယ်များသည် အမျိုးအစားကွဲပြားသဖြင့် စျေးနှုန်းသတ်မှတ်ရန်ခက်ခဲခြင်းကြောင့် ကုန်စည်ဒိုင်စျေးနှုန်းဖြင့် ရောင်းချပေးရန်စီစဉ်ခြင်းဟု ၎င်းကဆိုသည်။ "ဒီကာလမှာ ဒိုင်တွေမှာ လာဝယ်စရာမလိုအောင် စီစဉ်ပေးတဲ့သဘောပါ။ ငွေရှင်းတာတွေ၊ဘဏ်တွေ သွားတာတွေလည်းမလိုဘူး၊ ဆန်မှာပြီး ချက်ချင်း ငွေချေလိုက်လို့ရတာပေါ့"ဟု ဦးအောင်သန်းဦးကပြောသည်။ COVID-19 ကူးစက်မှုမြင့်တက်နေသော ရန်ကုန်တိုင်းတွင် စက်တင်ဘာ ၂၄ ရက်က စတင်ပြီး Stay at Home သတ်မှတ်ချက်ကို ထပ်မံတိုးမြှင့်ဆောင်ရွက်နေသည်။

ထို့အပြင် Stay at Home နှစ်ပတ်တွင် ရန်ကုန်တိုင်းရှိ လူဦးရေ ၇ သန်းကို ရိက္ခာခွဲတမ်းစနစ်ဖြန့်ဖြူးပေးနိုင်ရန် ကုန်စည်ဒိုင်များက သယ်ယူပို့ဆောင်ရေးနှင့် လူနေရပ်ကွက်များအတွင်း ဖြန့်ဖြူးနိုင်ရေး ညွှန်ကြားမှုများရှိနေပြီး လူစုလူဝေးမဖြစ်စေရေးနှင့် အမှန်တကယ်လိုအပ်သူများထံ ရိက္ခာဖြန့်ဝေနိုင်ရေးကို မြို့နယ်အုပ်ချုပ်ရေး အဖွဲ့များကဆောင်ရွက်နေသည်။ ရန်ကုန်တိုင်းအတွင်း နေအိမ်တွင်နေထိုင်ရမည့် အမိန့်ထပ်မံထုတ်ပြန်ရန်လိုအပ်မည်ဆိုပါက အစိုးရကပြည်သူများအတွက် ရိက္ခာနှစ်ပတ်စာဖြန့်ဖြူးပေးရန်စီစဉ်နေကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က စက်တင်ဘာ ၂၃ ရက်တွင်ပြောထားသည်။

**Source:** https://7day.news/detail?id=200008

## ကိုဗစ်ကြောင့် ရေဝတီတိုင်းမှ အထည်ချုပ်စက်ရုံ အားလုံး ယာယီပိတ်မည်



ရေဝတီတိုင်းအတွင်းရှိ အထည်ချုပ်စက်ရုံများတွင် ကူးစက်မြန် COVID – 19 ရောဂါ ဖြစ်ပွားမှုများရှိနေသဖြင့် တိုင်းဒေသကြီး၊ ကိုဗစ်ရောဂါ ထိန်းချုပ်ရေးကော်မတီက တိုင်းအတွင်းရှိ အထည်ချုပ်စက်ရုံအားလုံးကို ယနေ့မှ စတင်၍ ၁၄ ရက်ကြာ ယာယီပိတ်သိမ်းရန် ညွှန်ကြားခဲ့ကြောင်း သတင်းရရှိသည်။

ပုသိမ်စက်မှုဇုန်ရှိ အလုပ်သမား ၇၀၀၀ ကျော်ရှိသည့် ဟီရှန်စက်ရုံနှင့် အလုပ်သမား ၂ ထောင်ခန့်ရှိသည့် ဒေါင်းလောင် အထည်ချုပ်စက်ရုံတို့တွင် စက်တင်ဘာ ၁၉ ရက်နှင့် ၂၀ ရက်နေ့တို့တွင် ကူးစက်မြန် COVID – 19 ရောဂါပိုးရှိသူ အလုပ်သမား ၄ ဦး တွေ့ရှိခဲ့သည့်အတွက် ဝန်ကြီးချုပ် ဦးလှမိုးအောင် ဦးဆောင်သည့် တိုင်းဒေသကြီး ကိုဗစ်ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီက တိုင်းအတွင်းရှိ စက်ရုံအားလုံးကို စက်တင်ဘာ ၂၄ ရက်နေ့မှ အောက်တိုဘာ ၇ ရက်နေ့အထိ ယာယီ ပိတ်သိမ်းခဲ့ခြင်းဖြစ်သည်။ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ လျှပ်စစ်၊ စက်မှုလက်မှုနှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးဝင်းဌေးက "ပုသိမ်မှာရှိတဲ့

အထည်ချုပ် စက်ရုံတွေကနေ Positive (ပိုးတွေ့) လူနာတွေ့တဲ့အတွက် ကျနော်တို့ စစ်ဆေးမှုတွေ လုပ်ပါတယ်။ စစ်ဆေးမှုတွေ ပြုလုပ်ပြီးတဲ့အခါမှာ ရောဂါဆက်လက်ပြန့်ပွားမှု မဖြစ်စေရေးအတွက် စက်တင်ဘာ ၂၄ ရက်ကနေ အောက်တိုဘာ ၁၀ ရက်နေ့အထိ ဥပဒေလုပ်ထုံးလုပ်နည်းနဲ့အညီ စက်ရုံတွေကို ယာယီပိတ်သိမ်းသွားမှာဖြစ်ပါတယ်။ စက်ရုံအလုပ်သမား အားလုံးသည်လည်း မိမိတို့နေအိမ်မှာ Stay at Home ကို ၇ ရက် နေထိုင်ရမှာ ဖြစ်ပါတယ်”ဟု ရောဝတီကိုပြောသည်။

ပုသိမ်မြို့ရှိ အထည်ချုပ်စက်ရုံများသို့ ရောဝတီတိုင်းအစိုးရ၏ ညွှန်ကြားစာရောက်ရှိမှု နောက်ကျသဖြင့် အထည်ချုပ်အလုပ်သမားများ ယနေ့အလုပ်ဆင်းနေကြပြီး စက်တင်ဘာ ၂၅ ရက်မှစတင်ကာ ယာယီပိတ်သိမ်းသွားမည်ဖြစ်ကြောင်း ပုသိမ်စက်မှုဇုန်မှ အထည်ချုပ်စက်ရုံ တာဝန်ရှိသူများက ပြောကြသည်။ ပုသိမ်စက်မှုဇုန်၏ အကြီးဆုံး အထည်ချုပ်စက်ရုံဖြစ်သော Myanmar Knitting စက်ရုံမန်နေဂျာ ဦးသက်နိုင်က “စက်ရုံ ယာယီပိတ်ဖို့ စာထွက်လာတာက နောက်ကျနေတဲ့အတွက် ဒီနေ့တော့ အလုပ်သမားတွေကို အလုပ်ဆင်းခိုင်းလိုက်ရပါတယ်။ မနက်ဖြန်ကစပြီး ပိတ်သွားပါမယ်။ အောက်တိုဘာလ ၈ ရက်နေ့မှ ပြန်ဖွင့်ပါမယ်”ဟု ပြောသည်။

ရောဝတီတိုင်းဒေသကြီး အစိုးရအနေဖြင့် အလုပ်ပိတ်သည့်ကာလအတွင်း အလုပ်သမားများ လူမှုဖူလုံရေးထောက်ပံ့ငွေ ခံစားရရှိရန်အတွက် နေပြည်တော်ရှိ လူမှုဖူလုံရေးဌာနချုပ်သို့ စာပေးပို့ တင်ပြသွားမည်ဖြစ်ကြောင်းသိရသည်။ ရောဝတီတိုင်း၊ အလုပ်သမားညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်းက“ကိုဗစ်ရောဂါတားဆီးဖို့အတွက် လူစုလူဝေး မဖြစ်အောင်၊ ရောဂါကူးစက်မှု မဖြစ်အောင်ဆိုပြီး ကျန်းမာရေးလိုအပ်ချက်အရ စက်ရုံတွေ ယာယီပိတ်ခိုင်းတာပါ။ အလုပ်ပိတ်တဲ့အတွက် အလုပ်သမားတွေ လူမှုဖူလုံရေးကြေးရရှိဖို့ကို ရောဝတီတိုင်းဒေသကြီးအစိုးရက နေပြည်တော်မှာရှိတဲ့ လူမှုဖူလုံရေးဌာန ရုံးချုပ်ကို ဆက်လက်တင်ပြ ပေးသွားမယ်လို့ သိရပါတယ်”ဟုပြောသည်။

ပုသိမ်စက်မှုဇုန်ရှိ ဟီရှန်အထည်ချုပ်စက်ရုံရှိ အသက် ၃၃ နှစ်အရွယ် အမျိုးသမီးအလုပ်သမားထံတွင် စက်တင်ဘာ ၁၉ ရက်နေ့က ရောဂါပိုးစတင်တွေ့ရှိခဲ့ပြီး စက်တင်ဘာ ၂၀ ရက်နေ့တွင် သူနှင့်ထိတွေ့ခဲ့သည့် ဟီရှန်စက်ရုံမှ အမျိုးသမီး အလုပ်သမား ၂ ဦးနှင့် ဒေါင်းလောင်စက်ရုံမှ အမျိုးသမီးအလုပ်သမား ၁ ဦးတို့ထံတွင် ကိုဗစ် ရောဂါပိုးထပ်မံတွေ့ရှိခဲ့သည်။ လက်ရှိတွင် အဆိုပါ စက်ရုံအလုပ်သမား ၄ ဦးမှာ ပုသိမ်ဆေးရုံကြီးတွင် ကုသမှုခံယူနေဆဲဖြစ်ပြီး ၎င်းတို့နှင့်တိုက်ရိုက် ထိတွေ့ခဲ့သည့် စက်ရုံအလုပ်သမားများအပါအဝင် မိသားစုဝင်များကို ရောဝတီတိုင်းပြည်သူ့ကျန်းမာရေးဌာနက ပုသိမ် ကွာရန်တင်းစင်တာတွင်ထားရှိ၍ အသွားအလာကန့်သတ်ခြင်းနှင့် ကိုဗစ်ပိုးရှိ၊ မရှိ စစ်ဆေးခြင်းများ ဆောင်ရွက်ထားကြောင်း သိရသည်။

ရောဝတီတိုင်းတွင် ပုသိမ်၊ ကန်ကြီးထောင့်နှင့် ဒေးဒရဲမြို့တို့တွင် တရုတ်၊ ကိုရီးယား၊ သီရိလင်္ကာ၊ ထိုင်ဝမ်စသည့် ပြည်ပနိုင်ငံများမှ လာရောက်ရင်းနှီးမြှုပ်နှံ လည်ပတ်နေသည့် အထည်ချုပ်စက်ရုံ ၁၂ ရုံရှိပြီး ယခင်က အလုပ်သမား ၁၂၀၀၀ ကျော် အလုပ်ဆင်းခဲ့ကြသော်လည်း လက်ရှိ COVID – 19 ကာလတွင် အလုပ်သမား ၆ ထောင်ကျော်သာ အလုပ်ဆင်းလျှက်ရှိကြောင်း ရောဝတီတိုင်းဒေသကြီးအစိုးရ စာရင်းများအရသိရသည်။ ရောဝတီတိုင်းဒေသကြီးတွင် ပြီးခဲ့သည့် ဧပြီလအတွင်းကလည်း ကိုဗစ်ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် အထည်ချုပ် စက်ရုံအားလုံးကို ဧပြီ ၂၁ ရက်နေ့မှ ဧပြီ ၂၅ ရက်အထိ ၅ ရက်ကြာ ယာယီပိတ်သိမ်းခဲ့သည်။

ရောဝတီတိုင်းဒေသကြီးတွင် စက်တင်ဘာလဆန်းပိုင်းမှစတင်၍ COVID – 19 ရောဂါပိုးရှိသူ များပြားလာခဲ့ရာ စက်တင်ဘာလ ၂၄ ရက်နေ့ နံနက်ပိုင်းအထိ စာရင်းအရ ကိုဗစ် အတည်ပြုလူနာ ၁၄၈ ဦးရှိပြီး တိုင်းအတွင်းရှိ မြို့နယ် ၂၆ ခုရှိသည့် အနက် မြို့နယ် ၂၁ ခုတွင် COVID – 19 ရောဂါ ဖြစ်ပွားနေကြောင်းသိရသည်။ ရောဂါဖြစ်ပွားမှုအများဆုံးမှာ ပုသိမ်မြို့နယ်ဖြစ်ပြီး ဖျာပုံနှင့် မအူပင်တို့မှာ ဒုတိယနှင့်တတိယအများဆုံးဖြစ်သည်။ ပိုးတွေ့လူနာများအနက် လူနာ ၂၈ ဦးမှာ ရောဂါပျောက်ကင်းသဖြင့် ဆေးရုံမှဆင်းသွားခဲ့ပြီး ကျန်လူနာ ၁၂၀ မှာ ပုသိမ်၊ ဟင်္သာတ၊ ဖျာပုံ၊ မအူပင်၊ မြောင်းမြရိုင်ဆေးရုံများနှင့် ဘိုကလေး၊ လပွတ္တာစသည့် မြို့နယ်ဆေးရုံများတွင် ကုသမှုခံယူနေဆဲဖြစ်ကြောင်း ရောဝတီတိုင်း၊ ပြည်သူ့ကျန်းမာရေးဌာနစာရင်းအရ သိရသည်။

**Source:** https://burma.irrawaddy.com/news/2020/09/25/230499.html

## မတ်ပဲတစ်တန်လျှင် ကျပ်တစ်သိန်းကျော်ဈေးတက်

အိန္ဒိယကုန်သည်များ ဝယ်လိုအားမြင့်တက်ခြင်းကြောင့် ပြည်တွင်းမတ်ပဲဈေးတစ်တန်လျှင် ကျပ်တစ်သိန်းကျော်မြင့်တက်ကြောင်း မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်အသင်းတာဝန်ရှိသူအချို့ကပြောသည်။ အိန္ဒိယနိုင်ငံတွင် ရာသီဥတုဖောက်ပြန်မှုကြောင့် မိုးရာသီတွင် စိုက်ပျိုးသောမတ်ပဲအထွက်နည်းသဖြင့် ဈေးမြင့်တက်လာချိန်တွင် အိန္ဒိယကုန်သည်များက မြန်မာမတ်ပဲကို ကြိုတင်ဝယ်ယူစုဆောင်းနေသည်။ ဘင်္ဂလားဒေ့ရှ်၊ နီပေါ၊ပါကစ္စတန်နိုင်ငံတို့နှင့်အပြိုင် ဈေးပေးပြီးဝယ်ယူခြင်းကြောင့် ပြည်တွင်းပဲဈေး မြင့်တက်ခြင်းဖြစ်သည်။ ပြီးခဲ့သည့်သီတင်းပတ်က မတ်ပဲတစ်တန်လျှင် ၉၅၀,၀၀၀ကျပ် မှ စက်တင်ဘာ၂၃ရက်တွင် မတ်ပဲ တစ်တန် ၁,၀၈၀,၀၀၀ ကျပ်အထိမြင့်တက်လာသည်။ ပဲစင်းငုံဈေးလည်း ပြီးခဲ့သည့်တစ်ပတ်တွင် ၈၀၀,၀၀၀ ကျပ်ဈေး ဖွင့်ခဲ့သော်လည်း စက်တင်ဘာ၂၃ ရက်တွင် ၈၃၀,၀၀၀ ကျပ်သို့မြင့်တက်သည်။

အိန္ဒိယကုန်သည်များက ပြီးခဲ့သည့်တစ်ပတ်တွင် မတ်ပဲတစ်တန်ကို အမေရိကန်ဒေါ်လာ ၇၁၀ ခန့်ဖြင့် ဝယ်ယူနေသော်လည်း လက်ရှိတွင် ဒေါ်လာ ၈၅၀ အထိ ဈေးတိုးမြှင့်ပေးလာသည်ဟု ပဲကုန်သည်အချို့ကပြောသည်။ အိန္ဒိယကုန်သည်များ ဈေးမြှင့်ဝယ်ယူနေသော်လည်း တင်ပို့မှုမလုပ်ဆောင်နိုင်သေးပေ။ အိန္ဒိယအစိုးရ၏ ပြည်ပမှပဲတင်သွင်းခွင့်ပြုချိန်သည် ဩဂုတ်လတွင်ကုန်ဆုံးခဲ့သည်။ တန်ချိန် လေးသိန်းတင် သွင်းခွင့်ပြုထားသော်လည်း တန်ချိန် တစ်သိန်းကျော်သာ တင်သွင်းနိုင်ခဲ့၍ ပဲတင်သွင်းခွင့်အချိန် ထပ်တိုးပေးရန် အိန္ဒိယကုန်သည်များက လိုလားနေသည်။

အိန္ဒိယကုန်သည်များ၏ ဝယ်လိုအားကြောင့် နယ်ဈေးကွက်များတွင် မတ်ပဲဈေးတက်လာပြီး မတ်ပဲတစ်တင်း လျှင် ၃၅,၀၀၀ ကျပ်အထက် ဈေးဖွင့်သည်။ လက်ရှိတွင်ဈေးနှုန်းမြင့်တက်ခြင်းက ငွေကြေးတတ်နိုင်သည့် တောင်သူများနှင့်ပဲကုန်သည်များသာ အဓိက အကျိုး ရှိသည်ဟု ကျောင်းကုန်းမြို့နယ်မှလယ်သမားဦးပြူးကပြောသည်။

**Source:** https://7day.news/detail?id=200009

## ပြည်တွင်းကြက်မွေးမြူသူများ ရေရှည်ရပ်တည်ရန်ခက်ခဲလာ

နိုင်ငံခြားမွေးမြူရေးကုမ္ပဏီကြီးများနှင့် ထုတ်လုပ်မှုစရိတ် မယှဉ်ပြိုင်နိုင်သဖြင့် ပြည်တွင်းကြက်မွေးမြူသူများ ရေရှည်ရပ်တည်ရန်ခက်ခဲလာကြောင်း မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံမှသိရသည်။ နိုင်ငံခြားမွေးမြူရေးကုမ္ပဏီကြီးများ အနေဖြင့်ကြက်မွေးမြူရေး အစာရောင်းချသည့်အပြင်ကိုယ်ပိုင်ကြက်မွေးမြူရေးလုပ်ငန်းကို ပိုမိုတိုးချဲ့လုပ်ကိုင်လာမှုကြောင့် ကြက်မွေးမြူရေးဈေးကွက်တွင် မယှဉ်ပြိုင်နိုင်သဖြင့် ရေရှည်ရပ်တည်ရန်ခက်ခဲလာခြင်းဖြစ်ကြောင်းသိရသည် ။ " ၁၉၉၆ ခုနှစ်က စပြီးဝင်ရောက်လာတော့ ပထမပိုင်းမှာ အစာရောင်းချတယ်။ ပြည်တွင်းမွေးမြူသူတွေနဲ့အကျိုးတူဆောင်ရွက်တယ်။ နောက်ပိုင်းမှာတော့ ကိုယ်ပိုင်မွေးမြူမှုပုံစံတွေ တစ်နှစ်ထက်တစ်နှစ်ပိုများလာတယ် ။ ဒီလိုကုမ္ပဏီကြီးတွေတိုးချဲ့မွေးမြူမှုတွေကို ထိန်းချုပ်မှုမရှိတော့ ဈေးကွက်မှာ အသားထုတ်လုပ်မှုပိုလျှံလာပြီး တိုင်းရင်းသားမွေးမြူသူတွေမှာ ဈေးကွက်မှာ ထိခိုက်လာတာပါ" ဟု အဆိုပါအဖွဲ့ချုပ်ဒုဥက္ကဋ္ဌ ဒေါက်တာကျော်ထင်ကပြောသည်။

လက်ရှိမြန်မာနိုင်ငံတွင်ကြက်စာထုတ်လုပ်ရောင်းချမှုအပြင်ကိုယ်တိုင်ဝင်ရောက်မွေးမြူလာသည့် ကုမ္ပဏီကြီး ၁၀ ခုခန့်အထိရှိလာပြီးနိုင်ငံခြားရင်းနှီးမြုပ်နှံမှုအနေဖြင့်ကြက်စာရောင်းချခြင်းကြက်သားပေါက်ထုတ်လုပ်များကိုသာခွင့်ပြုပေးသင့်ကာနိုင်ငံသာ းမွေးမြူရေးလုပ်ငန်းဖြစ်သည့် အခြေခံတစ်နိုင်တစ်ပိုင်မွေးမြူရေးလုပ်ငန်းများကို နိုင်ငံခြားရင်းနှီးမြုပ်နှံသူ(FDI) ခွင့်မပြုပေးသင့်ကြောင်းသိရသည်။ ပြီးခဲ့သည့် ၂၀၁၉ ခုနှစ်အကုန် ၂၀၂၀ နှစ်ဆန်းပိုင်းကာလများတွင် ပြည်တွင်း၌ကြက်မွေးမြူမှုများများပြားလာ၍ပြည်တွင်းလိုအပ်ချက်ထက်ပိုမိုထုတ်လုပ်လာနိုင်သည့်အတွက် ကြက်သားဈေးနှုန်းကျဆင်းမှုများဖြစ်ပေါ်ခဲ့သည်။

၂၀၂၀ မတ်လမှစတင်၍ ပြည်တွင်းသို့အသားစားကြက်သားပေါက်တင်သွင်းခွင့်ကို ပိတ်ပင်ခဲ့ပြီးနောက် COVID-19ရောဂါဖြစ်ပွားမှုအခြေအနေကြောင့် ပြည်တွင်းလိုအပ်ချက်မပြည့်မီသည့်အခြေအနေဖြစ်ပွားမှုကို ကြိုတင်ဖြည့်ဆည်းသည့်အနေဖြင့် အသားစား ကြက်ပေါက် ၉၂၀,၀၀၀ ကို တစ်လတာယာယီ တင်သွင်းခွင့်ပြုခဲ့ကြောင်းသိရသည်။ မြန်မာနိုင်ငံတွင် အသားတိုးကြက်ထုတ်လုပ်နိုင်မှုအနေဖြင့် တစ်လလျှင် ကြက်ပေါက် ၁၈ သန်းရှိကြောင်း မျိုးမြစ်နှင့်ဖောက်စက်အသင်းထံမှသိရသည်။

**Source:** http://www.fifthwavenews.com/fwn/53609

## ဂျာမနီသမ္မတနှင့်အတူ မြန်မာနိုင်ငံသို့ လာရောက်ခဲ့ဖူးသော လုပ်ငန်းရှင်တစ်ဦး အေးသာယာဝိုင်လုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စား

သမ္မတဦးသိန်းစိန်လက်ထက် ၂၀၁၄ ခုနှစ်တွင် ဂျာမနီသမ္မတ ဂျိုအာချင် ဂေါက်၏ မြန်မာပြည်ခရီးစဉ်တွင် လိုက်ပါခဲ့ဖူးသော ဂျာမန်လုပ်ငန်းရှင်တစ်ဦးသည် ရှမ်းပြည်နယ်၊ တောင်ကြီးမြို့ရှိ အေးသာယာဝိုင်ထုတ်လုပ်သည့်လုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားကြောင်း မြန်မာနိုင်ငံခြားရေးဝန်ကြီးဌာနကဆိုသည်။ Strassburger Filter လုပ်ငန်းကို ၁၉၁၉ ခုနှစ်တွင် တည်ထောင်ခဲ့သည်။ Strassburger Filter အမည်ရှိသော သစ်သီးဖျော်ရည်နှင့် အဖျော်ယမကာလုပ်ငန်းဆက်စပ်ပစ္စည်းများ (Filtration Solutions) ထုတ်လုပ်သော လုပ်ငန်းသည် ဂျာမနီနိုင်ငံတွင် အခြေစိုက်ပြီး ၁၉၁၉ ခုနှစ်က စတင်တည်ထောင်ခဲ့သည့် လုပ်ငန်းတစ်ခုဖြစ်သည်။

ယခုအခါ စတုတ္ထမြောက်မျိုးဆက်အဖြစ် မစ္စဂျူလီယာဆနိုက်ဇာက တာဝန်ထမ်းဆောင်နေပြီး သူမအနေဖြင့် တောင်ကြီးမြို့ရှိ အေးသာယာဝိုင်လုပ်ငန်းတွင် ပူးပေါင်းရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားနေခြင်းဖြစ်သည်။ ဂျာမနီနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဒေါ်ယဉ်ယဉ်မြင့် လိုက်ပါသွားခဲ့သည့် အာရှ-ပစိဖိတ်နိုင်ငံ သံအမတ်ကြီးများ ဆွေးနွေးမှုအစီအစဉ်၌ အာရှ၊ ပစိဖိတ်နိုင်ငံများ၏ ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန်စိတ်ပါဝင်စားသော စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးစဉ် အဆိုပါလုပ်ငန်းက မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားကြောင်း သိရှိခဲ့ခြင်းဖြစ်ပါသည်။ ထို့အပြင် ဂျာမနီဆေးဝါးကုမ္ပဏီ Boehringer Ingelheim အနေဖြင့်လည်း မြန်မာ၊ လာအို၊ ကမ္ဘောဒီးယားနိုင်ငံများတွင် ကြက်ငှက်တုပ်ကွေးတိုက်ဖျက်ရေးအတွက် ဆေးထုတ်လုပ်ခြင်းလုပ်ငန်းတွေမှာ ရင်းနှီးမြှုပ်နှံလိုကြောင်းပြောကြားခဲ့သည်ဟု နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

လက်ရှိအချိန် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ ဩဂုတ်လအထိ ဂျာမနီနိုင်ငံသည် မြန်မာနိုင်ငံတွင် အမေရိကန်ဒေါ်လာ (၄၃) သန်းကျော် ရင်းနှီးမြှုပ်နှံထားသလို မြန်မာနိုင်ငံကို ငွေကြေးနှင့်နည်းပညာကူညီရန် ယူရိုငွေ (၃၁) သန်းကျော် ထောက်ပံ့ပေးအပ်ရန် သဘောတူညီထားသည်ဟု ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှလည်း သတင်းထုတ်ပြန်ထားသည်။

**Source:** https://www.betvbusiness.com/mm/cheaangp/ 812?fbclid=IwAR2GfLSEgDmAxZfcbHhK 38gFgjRBTq YIQS3 Z0dCO Zise0CSJYHbFdP_apMk

## ကြက်သွန်နီ တစ်ပိဿာလျှင် ၉၀၀ကျပ်အထိ ဈေးမြင့်တက်

တရုတ်နှင့်ဘင်္ဂလားဒေ့ရှ်နိုင်ငံများမှ ဝယ်ယူမှုမြင့်တက်လာသည့်အတွက် တစ်ပတ်အတွင်း ကြက်သွန်နီတစ်ပိဿာလျှင် ၉၀၀ကျပ်အထိထပ်မံ၍ ဈေးမြင့်တက်သွားခဲ့ကြောင်း မန္တလေးမြို့ ကြက်သွန်ဈေးကွက်ကုန်သည်နှင့်ပွဲရုံများထံမှသိရသည်။ စက်တင်ဘာလ ၁၅ရက် ညနေပိုင်းမှစတင်၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ကြက်သွန်နီအလုံးအရင်းဖြင့်ဝယ်ယူလာခဲ့ပြီး တရုတ်နိုင်ငံ ရွှေလီမြို့ကို Lockdownချထားရာမှ ရွှေလီမြို့ရှိ အကောက်ခွန်ဂိတ်ကို စက်တင်ဘာလ ၂၂ရက်နေ့တွင် ပုံမှန်အတိုင်း ပြန်လည်ဖွင့်လိုက်ပြီဖြစ်သည့်အတွက် တရုတ်နှင့်ဘင်္ဂလားဒေ့ရှ်နိုင်ငံများမှ ဝယ်ယူမှုမြင့်တက်လာမှုကြောင့် တစ်ပတ်အတွင်း ကြက်သွန်နီ တစ်ပိဿာလျှင် ၉၀၀ကျပ်အထိဈေးမြင့်တက်သွားခဲ့ကြောင်းသိရသည်။ "ဈေးကတစ်နိုင်ငံလုံးတက်သွားတယ်။ ဒီနှစ်က ဈေးကျတော့ ကုန်သည်တွေက မလှောင်ကြတဲ့အတွက် ကြက်သွန်က တောင်သူတွေ လက်ထဲမှာပဲရှိနေတာ ။ အခုလိုက်ဝယ်တော့ တောင်သူတွေက ဈေးဆွဲခေါ်တဲ့အတွက်ဈေးကတက်သွားတယ် ။ မန္တလေးမှာက စားသောက်ဆိုင်တွေ ပိတ်ထားတဲ့အတွက် လက်လီမရောင်းရဘူး Export လိုင်းသမားတွေကတော့ အရောင်းအဝယ်ဖြစ်တယ်" ဟုမန္တလေးမြို့ ရွှေမန်းလှကြက်သွန်ပွဲရုံပိုင်ရှင် ဦးဝင်းမြင့်ကပြောသည် ။

မန္တလေးကြက်သွန်ဈေးကွက်တွင်ကြက်သွန်ဈေးနှုန်းမှာ ယခင်တစ်ပိဿာလျှင်(ပွဲရုံဈေး) ထိပ်စ၆၀၀ ၊ ၆၅၀ ကျပ်မှ တစ်ပတ်အတွင်း တစ်ပိဿာလျှင် ထိပ်စ ၉၀၀ ၊ ၉၅၀ကျပ်အထိဈေးမြင့်တက်သွားကြောင်းသိရသည်။ လက်ရှိတွင် ရန်ကုန်မြို့အပြင် ပြည်၊ မော်လမြိုင်၊ ပုသိမ်၊ မြဝတီမြို့များအထိ ကြက်သွန်တင်ပို့ရောင်းဝယ်မှုလိုင်းများ ပွင့်လာနေပြီး ပြည်တွင်းဝယ်လိုအားအနေဖြင့် မြင့်တက်မှုသိပ်မရှိသေးကြောင်းသိရသည်။ လက်ရှိ ရာသီလက်ကျန်ကာလအတွင်း ကြက်သွန်စိုက်တောင်သူများလက်တွင်

ကြက်သွန်လက်ကျန်များပြားစွာကျန်ရှိနေချိန်၌ ရခိုင်ပြည်နယ်စစ်တွေမှတဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှစတင်ဝယ်ယူလာပြီ ဖြစ်သည့်အတွက် ၂၀၁၉ ခုနှစ်ကဲ့သို့ တောင်သူနှင့်ပွဲစားကုန်သည်များ အကျိုးရှိနိုင်ရန်မျှော်လင့်ရကြောင်း ကြက်သွန် ဈေးကွက်ကုန်သည်နှင့်ပွဲရုံများထံမှသိရသည် ။

**Source:** http://www.fifthwavenews.com/fwn/53637

## ရွှေလီကုန်သွယ်မှုပြန်လည်ဖွင့်လှစ်သော်လည်း ကုန်စည်ဒိုင်များပိတ်ထားသဖြင့် အရောင်းအဝယ်ခက်ခဲနေ




ပြီးခဲ့သည့် သီတင်းပတ်က ရွှေလီမြို့ lockdown ချထားမှုနှင့်အတူ မန္တလေး ကုန်စည်ဒိုင်အပါအဝင် ကုန်စည်ဒိုင်များတွင် အဝယ်အများစု ရပ်ဆိုင်းသွားခဲ့သော်လည်း လက်ရှိကုန်သွယ်ရေးလုပ်ငန်းများ ပြန်လည် စတင်နိုင်သောကြောင့် စက်တင်ဘာလ ၂၂ ရက်မှ စတင်ကာ ပဲမျိုးစုံနှင့် မြေပဲနှမ်းစသည့် တရုတ်အဝယ်ရှိသည့်ကုန်များ အရောင်းအဝယ်ပြန်လည် ကောင်းမွန်လာကြောင်းသိရသည်။

သို့သော် ကိုဗစ်-၁၉ရောဂါပြန့်ပွားမှုမရှိစေရန် မန္တလေးကုန်စည်ဒိုင် အပါအဝင် ဒေသအချို့ရှိ ကုန်စည်ဒိုင်များပိတ်ထားသဖြင့် အခြား နည်းလမ်းများဖြင့်သာ အရောင်းအဝယ်ဆောင်ရွက်ရသောကြောင့် ပဲအမျိုးအစားအချို့ ဝယ်ယူရောင်းချရန် ခက်ခဲလျက်ရှိသည်။ "မန္တလေးကုန်စည်ဒိုင်လို အခြားဒေသအသီးသီးက ကုန်စည်ဒိုင်တွေလည်း ပိတ်လိုက်တဲ့အတွက် ပဲသီးနှံအချို့ဝယ်ယူရာမှာ ခက်ခဲတယ်။ ဒါကြောင့် ဈေးနှုန်းအပြောင်းအလဲတချို့ရှိတယ်။ အဓိကဈေးတက်တာကတော့ ကုလားပဲတစ်ခုကတော့ သုံးတင်းဝင်တစ်အိတ်ကို ကျပ်ထောင်ဂဏန်းတက်လာတယ်" ဟု မန္တလေးပွဲစား ကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း ဒုတိယဥက္ကဋ္ဌ ဦးမျိုးဆွေကပြောသည်။

လက်ရှိသယ်ယူပို့ဆောင်ရေးလမ်းကြောင်းပိတ်ထားခြင်းမရှိသော်လည်း ကုန်သည်များက တယ်လီဖုန်းများနှင့်ဆက်သွယ် ခြင်း၊ Viber Group များဖွဲ့ကာအချင်းချင်းဆက်သွယ်ခြင်း နည်းလမ်းများဖြင့် အရောင်းအဝယ်ပြုလုပ်နေကြရသဖြင့် ဈေးနှုန်း အားဖြင့် ယခင်ဈေးများသို့ ပြန်လည်မြင့်တက်လာခြင်းမရှိကြောင်းလည်းသိရသည်။ "ထိခိုက်မှုကတော့ သိပ်မရှိဘူး၊ ဝယ်ရောင်းရ တာတော့ နည်းနည်းလေးသွားတာပေါ့။ လက်တွေ့မမြင်ရဘဲ ဝယ်ရတာဖြစ်လို့ ချင့်ချိန်တာရှိသလို၊ ရောဂါပိုးကြောင့် ကုန်သည် တွေက အခြေအနေကိုစောင့်ကြည့်နေတဲ့အနေအထားတွေကြောင့် အရောင်းအဝယ်ကတော့အေးနေဦးမယ်ထင်တယ်" ဟု ဦးမျိုးဆွေကပြောသည်။ "ရွှေလီစပိတ်ပြီ (စက်တင်ဘာလ) ၁၅၊ ၁၆ ၊ ၁၇ ရက်တွေမှာ အရောင်းအဝယ်နည်းသွားပြီး ဈေးတွေလည်းအနည်းငယ်ကျဆင်းသွားတာကနေ ၁၉ ၂၀ ၂၁ ရက်တွေမှာတော့ တရုတ်က ကြေငြာချက်အတိုင်းပြန်ဖွင့်မယ့် သတင်းတွေ အဝယ်ဈေးလေးတွေပြန်တက်လာတယ်။ ဒီနေ့တော့ အရောင်းအဝယ်က တရုတ်လိုင်းပြန်သွက်လာတယ်။ တရုတ်အဝင် ကနေဒါစားတော်ပဲလည်း အရောင်းများလာတယ်" ဟု ၎င်းက စက်တင်ဘာလ ၂၃ ရက်က ပြောသည်။

လက်ရှိတွင် အသီးကားများ အဝင်နည်းနေသေးသဖြင့်ဈေးကောင်းရရှိနေကြောင်းနှင့် ၈၅၅ အသီးက တစ်တန် ယွမ် ၃၀၀၀ ၊ ဒုံးကျည်သီးက တစ်တန် ယွမ် ၁၅၀၀ ရောင်းရပါတယ်။ ကုန်သွယ်ရေးဂိတ်တွေကတော့ အကုန်ပြန်ပွင့်ပါပြီ" ဟု မူဆယ် ကုန်သည်ကြီးများအသင်း အမှုဆောင် ဦးစိုင်းမောင်ကပြောသည်။

**Source:** The Farmer Journal.

https://www.facebook.com/myanmaawba/

## ရန်ကုန်တိုင်းဒေသကြီးအတွင်း စားသောက်ကုန်၊ သားငါးနှင့်သီးနှံများကို Delivery ပို့ဆောင်သည့်စနစ်ဖြင့် ရောင်းချခွင့်ပြု

ရန်ကုန်တိုင်းဒေသကြီးအတွင်း စားသောက်ကုန်၊ သားငါးနှင့်သီးနှံများကို Delivery ပို့ဆောင်သည့်စနစ်ဖြင့်ရောင်းချရန် ခွင့်ပြုကြောင်း ကုန်သည်စက်မှုအသင်းချုပ် UMFCCI က စက်တင်ဘာ၂၅ ရက်တွင် ကြေညာခဲ့သည်။ ကိုဗစ်-၁၉ ရောဂါကူးစက်

ပျံ့နှံ့မှုကို လျင်မြန်စွာဖြစ်စေနိုင်သော လူစုလူဝေးဖြစ်ပေါ်မှုကို လျှော့ချနိုင်ရန်ရည်ရွယ်၍ စားသောက်ကုန်ပစ္စည်းများ၊ သားငါးများနှင့် အသီးအနှံများကို Delivery ပို့ဆောင်သည့်စနစ်ဖြင့်ရောင်းချမှုကို ဆက်လက်ခွင့်ပြုဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့ခြင်း ဖြစ်သည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကုန်စိမ်းနှင့်သားငါးဒိုင်များမှ မြို့နယ်များသို့အရောက် ပို့ဆောင်ဖြန့်ဖြူးရောင်းချရမည်ဟု ကုန်သည်စက်မှုအသင်းချုပ် (UMFCCI)က ထပ်မံကြေညာခဲ့သည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း COVID –19 ရောဂါ ကာကွယ်၊ တားဆီး၊ ထိန်းချုပ်နိုင်ရေးဆောင်ရွက်ရာတွင် Stay at home သတ်မှတ်ထားသော မြို့နယ်များရှိ ဈေးများ၌ ရောင်းချမည့် ကုန်စိမ်းနှင့် သားငါးများကို ကုန်စိမ်းနှင့် သားငါးဒိုင်များမှ ၎င်းမြို့နယ်များသို့ တိုက်ရိုက်အရောက် ပို့ဆောင်ပေးပြီး ဖြန့်ဖြူး ရောင်းချရန်နှင့် မြို့နယ်များအတွင်း နေထိုင်သည့် ဈေးရောင်းသူများမှလည်း မြို့နယ်ကျော်လွန်၍ သွားရောက်ယူဆောင်ခြင်းလည်းမပြုရန် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ကြီးကြပ်သွားမည်ဖြစ်ကြောင်း ကုန်သည် စက်မှုအသင်းချုပ် (UMFCCI) မှသိရသည်။ လက်ရှိတွင် ရန်ကုန်ရှိ ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးအပါအဝင် လူစည်ကားရာ ဈေးများတွင် ကိုဗစ်–၁၉ ကူးစက်ခံရမှုများရှိနေကြောင်းသိရသည်။

**Source:** https://www.facebook.com/standardtimedaily/

## စက်တင်ဘာလအတွင်း အမေရိကန်ဒေါ်လာ ၂၃ သန်းကျော် ဗဟိုဘဏ်ကဝယ်ယူ

ကျဆင်းနေသည့် ဒေါ်လာလဲလှယ်နှုန်းထားများကိုထိန်းချုပ်ရန် ဗဟိုဘဏ်သည် ပြည်တွင်းဘဏ်များမှ အမေရိကန်ဒေါ်လာများကို ဆက်တိုက်ဝယ်ယူ နေပြီး စက်တင်ဘာလ ၂၄ ရက်အထိ ကန်ဒေါ်လာ၂၃ ဒသမ ၇သန်းကိုဝယ်ယူထားသည်။ ဗဟိုဘဏ်သည် ဩဂုတ်လအတွင်း အမေရိကန်ဒေါ်လာ ၃၅ ဒသမ ၆သန်းကို ပျမ်းမျှ ၁၃၆၁ ကျပ်မှ ၁၃၄၇ ကျပ်နှုန်းအတွင်း လေလံစနစ်ဖြင့် ဝယ်ယူခဲ့သည်။ စက်တင်ဘာလ ၁ ရက်မှ ၂၄ ရက်အထိတွင်လည်း အမေရိကန်ဒေါ်လာ ၂၃ ဒသမ ၇ သန်းကို ပျမ်းမျှ တစ်ဒေါ်လာလျှင် ၁၃၂၆ ကျပ်မှ ၁၃၁၄ ကျပ် နှုန်းဖြင့် ပြည်တွင်းဘဏ်များထံမှ ဝယ်ယူခဲ့ကြောင်းထုတ်ပြန်ထားသဖြင့် ဒေါ်လာလဲလှယ်နှုန်းများ ဩဂုတ်လထက် ပိုမိုကျဆင်းလာခဲ့ကြောင်းတွေ့ရသည်။ "ဒေါ်လာဈေးက တောက်လျှောက်ကျလာတာဖြစ်တော့ ဈေးတန်းတစ်ခုမှာ တန့်သွားတဲ့သဘောပါ။ လက်ရှိထိကို ကျနေဆဲပဲ။ ထုတ်ရောင်းတဲ့သူတွေကလည်း အကျများလာတော့ ဆက်ပြီးမရောင်းနိုင်တော့ဘူး"ဟု ငွေကြေးဈေးကွက်လေ့လာသုံးသပ်သူ ဦးစန်းဝင်းကပြောသည်။

ပြည်တွင်းဒေါ်လာလဲလှယ်နှုန်းများသည် ဩဂုတ်လဆန်းမှစပြီး ပြည်တွင်းဈေးကွက်အတွင်း တစ်ဒေါ်လာလျှင်ပျမ်းမျှ ကျပ် ၁၃၈၀ နှုန်းမှ ကျပ် ၁၃၄၀ အောက်အထိ ဈေးနှုန်းဆက်တိုက်ကျဆင်းခဲ့ပြီး ဗဟိုဘဏ်သည် ဩဂုတ်တစ်လလုံးတွင် အမေရိကန်ဒေါ်လာ ၃၅ ဒသမ ၆သန်းကို လေလံစနစ်ဖြင့်ဝယ်ယူခဲ့သည်။ ယင်းသို့ဆက်တိုက်ဝယ်ယူခဲ့ခြင်းကြောင့် အမေရိကန်ဒေါ်လာလဲလှယ်နှုန်းထားများသည် တစ်ဒေါ်လာလျှင် ကျပ် ၁၃၆၀ ဝန်းကျင်အထိ ပြန်တက်လာခဲ့သော်လည်း စက်တင်ဘာလဆန်းမှစပြီး ဒေါ် လာဈေးနှုန်းများ ပြန်လည်ကျဆင်းခဲ့သည်။ လက်ရှိဒေါ်လာ အရောင်းအဝယ်ဈေးကွက်သည်ပြောင်းလဲခြင်းမရှိဘဲ ငြိမ်နေဆဲဖြစ်ကြောင်း ဒေါ်လာဝယ်ရောင်းလုပ်ကိုင်သူများကဆိုကြသည်။ "ဗဟိုဘဏ်အနေနဲ့ ဝယ်နိုင်စွမ်းအားရှိတယ်၊ ဒါကြောင့် ဒီလိုအချိန်မှာ ဒီထက်များများ ဝယ်ထားသင့်တယ်။ များများဝယ်လေကောင်းလေပဲ"ဟု ပြည်တွင်းပုဂ္ဂလိက ဘဏ်တစ်ခု၏ အကြီးတန်းအရာရှိတစ်ဦးက မြန်မာတိုင်းမ်သို့ မှတ်ချက်ပြုသည်။

သို့သော် ဗဟိုဘဏ်၏ လေလံစနစ်ဖြင့် ဝယ်ယူသည့်ပမာဏသည် ပြည်တွင်းဒေါ်လာဈေးကွက်ပမာဏထက် နည်းပါးနေဆဲဖြစ်ပြီး ဒေါ်လာလဲလှယ်နှုန်းထား တည်ငြိမ်ရန် ဗဟိုဘဏ်က လက်ရှိဝယ်ယူနှုန်းထက် ပိုမိုဝယ်ယူရန်လိုအပ်ကြောင်း ပြည်တွင်း ငွေကြေးကျွမ်းကျင်သူများကဆိုကြသည်။ လက်ရှိပြည်တွင်းဒေါ်လာဈေးကွက်သည် သွင်းကုန်၊ ပို့ကုန်လုပ်ငန်းရှင်များနှင့်သာ ပုံမှန်အရောင်းအဝယ်ရှိနေပြီး ဈေးနှုန်းကျဆင်းမှုကြောင့် အခြားရောင်းဝယ်လုပ်ကိုင်သည့် ထပ်တိုး ဈေးကွက်မရှိကြောင်း ဒေါ်လာရောင်းချသူများကပြောသည်။

**Source:** https://myanmar.mmtimes.com/news/144054.html

## ပုဂ္ဂလိကအာမခံကုမ္ပဏီများ ပရီမီယံဝင်ငွေရရှိမှု နှစ်စဉ်မြင့်တက်

၂၀၁၅-၁၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉ -၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း ပုဂ္ဂလိကအာမခံကုမ္ပဏီများ၏ ပရီမီယံဝင်ငွေရရှိမှု နှစ်စဉ်မြင့်တက်လာခဲ့သည်ဟု စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာနကထုတ်ပြန်သည်။ အာမခံပရီမီယံသည် အာမခံဝယ်ယူသူက ဝယ်ယူသော အာမခံပေါ်လစီအတွက် ပေးသွင်းရသည့် ငွေကြေးဖြစ်သည်။ ထို့အတွက် ယခု ပရီမီယံဝင်ငွေရရှိမှု မြင့်မားလာမှုသည် အာမခံဈေးကွက် ကျယ်ပြန့်လာမှုကို ပြနေသည့်သဘောဖြစ်သည်။ ၂၀၁၅-၁၆ ဘဏ္ဍာနှစ်တွင် ပုဂ္ဂလိကအာမခံကုမ္ပဏီများ၏ ပရီမီယံဝင်ငွေသည် ကျပ် ၃၆,၇၇၇ သန်း၊ ၂၀၁၆-၁၇ ဘဏ္ဍာရေးနှစ်တွင် ကျပ် ၄၉,၆၂၁ သန်း၊ ၂၀၁၇-၁၈ ဘဏ္ဍာရေးနှစ်တွင် ကျပ် ၇၉,၂၀၇ သန်း၊ ၂၀၁၈-၁၉ ဘဏ္ဍာရေးနှစ်တွင် ကျပ် ၁၁၈,၁၇၆ သန်းနှင့် ၂၀၁၉ ၂၀၂၀ (မတ်လအထိ) တွင် ပရီမီယံဝင်ငွေသည် ကျပ် ၁၅၆,၉၅၁ သန်း ရှိသည်ဟု စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန လက်အောက်ရှိ ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၏ အချက်အလက်များတွင် ဖော်ပြသည်။

ကိုဗစ်ကာလတွင် ကျန်းမာရေးနှင့်ပတ်သက်သော စိုးရိမ်မှုများ၊ မော်တော်ယာဉ်၊ စက်ရုံ၊ ဂိုဒေါင်စသည့် အခြားပိုင်ဆိုင်မှုများအတွက် စိုးရိမ်မှုများစသည်တို့ကြောင့် အာမခံလိုအပ်ချက်ကိုနားလည်လာ၍ ဝက်ဆိုက်၊ လူမှုကွန်ရက်မီဒီယာနှင့် တယ်လီဖုန်းတို့မှတစ်ဆင့် အာမခံအမျိုးအစားများနှင့်ပတ်သက်၍ စုံစမ်းမေးမြန်းမှုများ များပြားလျက်ရှိသည်ဟု AYA အာမခံကုမ္ပဏီမှ အမှုဆောင် အရာရှိချုပ် ဦးမျိုးမင်းသူကပြောသည်။ ထို့ကြောင့် လာမည့်နှစ်များတွင် အာမခံလုပ်ငန်းကဏ္ဍသည် ပိုမို အားကောင်းလာမည်ဟု ၎င်းကပြောသည်။ ပုဂ္ဂလိကအာမခံကုမ္ပဏီများကို အာမခံဈေးကွက်အတွင်းဝင်ရောက်ရန်ခွင့်ပြုခဲ့သော ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် အာမခံအမျိုးအစား ၆ ခုသာ လုပ်ကိုင်ရန်ခွင့်ပြုထားသော်လည်း ယခုအခါတွင် အာမခံအမျိုးအစား ၂၇ ခုကို လုပ်ကိုင်ခွင့်ပြုခဲ့ပြီးဖြစ်သည်။

ပြီးခဲ့သည့် ဘဏ္ဍာနှစ်အထိ ပုဂ္ဂလိကအာမခံကုမ္ပဏီများ၏ မတည်ငွေရင်းသည် ကျပ် ၃၃၈,၀၀၀ သန်းရှိခဲ့ပြီး လက်ရှိဘဏ္ဍာနှစ်အတွင်း ရာနှုန်းပြည့် နိုင်ငံခြားအသက်အာမခံနှင့် ဖက်စပ်နိုင်ငံခြားအသက်နှင့် အထွေထွေအာမခံလုပ်ငန်းများကို ခွင့်ပြုခဲ့ခြင်းကြောင့် ပုဂ္ဂလိကအာမခံကုမ္ပဏီများ၏ မတည်ငွေရင်းသည် ကျပ် ၆၇၉,၆၀၀ သန်းအထိ မြင့်တက်လာခဲ့သည်။ ယခင်က မြန်မာနိုင်ငံ၏ အာမခံဈေးကွက်တွင် နိုင်ငံပိုင်မြန်မာ့အာမခံလုပ်ငန်းနှင့်ပုဂ္ဂလိကအာခံကုမ္ပဏီ ၁၁ ခုသာ ရှိခဲ့သော်လည်း ၂၀၁၉ ခုနှစ်တွင် ရာနှုန်းပြည့် နိုင်ငံခြားအသက်အာမခံ၊ ဖက်စပ်နိုင်ငံခြား အသက်အာမခံနှင့်အထွေထွေအာမခံလုပ်ငန်းများအား ခွင့်ပြုခဲ့ခြင်းကြောင့် ပုဂ္ဂလိကအာမခံကုမ္ပဏီ စုစုပေါင်း ၂၄ ခုအထိ ရှိလာခဲ့သည်။

**Source:** https://myanmar.mmtimes.com/news/144052.html

## ရန်ကုန်စတော့အိတ်ချိန်းတွင် နှစ်ပတ်အတွင်း အရောင်းအဝယ် ကျပ်သိန်း ၄၅၀ ကျော်ကျဆင်း




COVID-19 ရောဂါကူးစက်ခံရမှု နေ့စဉ်ရက်ဆက် အရေအတွက်များစွာ တွေ့ရှိပြီးနောက်ပိုင်း ဩဂုတ်နောက်ဆုံးပတ်တွင် ရန်ကုန်စတော့အိတ်ချိန်း၏ စာရင်းဝင်ကုမ္ပဏီအားလုံး၏ စတော့ရှယ်ယာရောင်းဝယ်မှုသည် ကျပ်သိန်းပေါင်း ၁၃၅,၉၄၄,၁၀၀ ရှိခဲ့ရာမှ စက်တင်ဘာလ ဒုတိယပတ်တွင် စတော့ရှယ်ယာရောင်းဝယ်မှုသည် ကျပ်သိန်း ၉၀၀ ကျော်သာ ရောင်းဝယ်မှုရှိခဲ့ပြီး နှစ်ပတ်အတွင်း ကျပ်သိန်း ၄၅၀ ကျော် အရောင်းအဝယ် ကျဆင်းခဲ့ကြောင်း ရန်ကုန်စတော့အိတ်ချိန်းမှသိရသည်။

ရန်ကုန်စတော့အိတ်ချိန်းအမှုဆောင် အကြီးတန်းမန်နေဂျာ ဦးသက်ထွန်းဦးက "အခုက Stay at Home တွေ ဖြစ်နေတယ်။ ဒါကြောင့် စတော့ရှယ်ယာ အရောင်းအဝယ်တွေလည်း သိသိသာသာအေးစက်သွားတယ်။ ထပ်ပြီးအေးနိုင်မယ့် အနေအထားရှိတယ်" ဟု ဆင်ဟွာသို့ စက်တင်ဘာ ၂၄ ရက် တွင်ပြောကြားသည်။ စက်တင်ဘာ ၁၄ ရက် မှ ၁၈ ရက် အထိ တစ်ပတ်တာအတွင်း စာရင်းဝင်ကုမ္ပဏီများမှ စတော့ရှယ်ယာ ရောင်းဝယ်မှုသည် First Myanmar Investment Public Co.,Ltd (FMI)မှ စတော့ရှယ်ယာ အစောင်ရေ ၂,၉၈၂ စောင်၊ ရှယ်ယာတန်ဖိုးငွေကျပ် ၂၉,၄၅၂,၈၀၀ ၊ Myanmar Thilawa SEZ Holding Co.,Ltd (MTSH) က စတော့ရှယ်ယာ အစောင်ရေ ၈,၇၇၈ စောင် မှ စတော့ရှယ်ယာတန်ဖိုး ငွေကျပ်၃,၂၃၂,၄၀၀ ၊ Myanmar Citizen Bank (MCB) က စတော့ရှယ်ယာအစောင်ရေ ၂၀၂ စောင် မှ စတော့ရှယ်ယာတန်ဖိုး ငွေကျပ် ၁,၅၉,၆၀၀ ၊ First Private Bank

Limited (FPB) က စတော့ရှယ်ယာအစောင်ရေ ၁,၁၈၇ စောင် မှ စတော့ရှယ်ယာတန်ဖိုးငွေကျပ် ၂၆,၁၃၇,၅၀၀ ၊TMH Telecom Public Co.,Ltd မှ စတော့ရှယ်ယာအစောင်ရေ ၄၂၉ စောင် မှ စတော့ရှယ်ယာ တန်ဖိုးငွေကျပ် ၁,၁၆၄,၆၀၀ နှင့် Ever Flow River Group Public Co.,Ltd မှ စတော့ရှယ်ယာ အစောင်ရေ ၂၁၆ စောင်မှ စတော့ရှယ်ယာတန်ဖိုးငွေကျပ် ၆၅၉,၆၀၀ အရောင်း အဝယ်ဖြစ်ခဲ့ကြောင်းသိရသည်။ “အရောင်းတွေက အေးစက်နေတယ်။ ကျွန်တော်တို့အနေနဲ့ ဈေးကွက်ပြိုလဲမသွားဖို့အတွက် ဆောင်ရွက်နေပါတယ်’’ ဟု ၎င်းကဖြည့်စွက်ပြောကြားသည်။

**Source:** https://xinhuamyanmar.com/.../29643-2020-09-24-10-04-14

## ပြောင်းတင်သွင်းခွင့်ပြုရေး ညှိနှိုင်းဆွေးနွေး

ပြည်တွင်းမွေးမြူရေးအစာ လိုအပ်ချက်အတွက် အစေ့ထုတ်ပြောင်းကို ပြည်ပမှပြန်လည်တင်သွင့်ရရှိရေး ဝန်ကြီးဌာနများနှင့် ကုန်သည်များ၊ ပြောင်းစိုက်တောင်သူများအကြား ညှိနှိုင်းဆွေးနွေးခဲ့ကြောင်းသတင်းရရှိသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်တို့မှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၊ ပြောင်းစိုက်ပျိုးထုတ်လုပ်သူမျအသင်းတို့မှ တာဝန်ရှိသူများ စက်တင်ဘာ၂၃ရက်နေ့က ဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။

အစေ့ထုတ်ပြောင်းသည် တရုတ်နိုင်ငံအပြင် ထိုင်းနိုင်ငံသို့ပါ တင်ပို့ခွင့်ရရှိခဲ့သောကြောင့် ပမာဏများစွာ တင်ပို့ခဲ့ရာမှ ယခု အချိန်တွင် ပြည်တွင်းမွေးမြူရေးလုပ်ငန်းများအတွက် ကုန်ကြမ်းလိုအပ်ချက်ဖြစ်ပေါ်လာခြင်းဖြစ်သည်။ ထို့ကြောင့် ပြည်ပမှ တင်သွင်းခွင့်ရရှိရေး ဆွေးနွေးလာခြင်းဖြစ်သည်။ ကုန်သည်များနှင့်မွေးမြူရေးလုပ်ငန်းများက တင်သွင်းလိုကြသော်လည်း ပြောင်းစိုက်ပျိုးထုတ်လုပ်သည့် တောင်သူအစုအဖွဲ့ကမူ တင်သွင်းခွင့်မပြုသင့်ဟု သဘောထားပေးခဲ့ကြောင်းသိရသည်။ ပြည်ပမှ ပမာဏအများအပြားတင်သွင်းလာပါက ပြည်တွင်းဈေးကွက်ပျက်မည်ကို စိုးရိမ်နေခြင်းဖြစ်သည်။

နေပြည်တော်မှ ပြောင်းစိုက်တောင်သူတစ်ဦးဖြစ်သူ ဦးစံလင်းကလည်း "ပြောင်းဈေးလေးကောင်းတယ်ဟာဆိုပြီး ရှိတာလေးတွေရင်းပြီးစိုက်ထားတာ။ ခုတော့ နိုင်ငံခြားကနေ သွင်းတော့မတဲ့လား။ ကြည့်လုပ်ကြပါလို့ပဲ ပြောချင်ပါတယ်"ဟု ပြောသွားခဲ့သည်။ စိုက်ပျိုးရေးဦးစီးဌာနကလည်း ပြည်တွင်းမှ မထွက်သောသီးနှံကိုသာ တင်သွင့်ခွင့်ပြုစေလိုပြီး ပြည်တွင်းတွင် စိုက်ပျိုးထွက်ရှိသောသီးနှံကိုမူ တင်သွင်းခွင့်မပြုသင့်ကြောင်း မှတ်ချက်ပေးထါးသည်။ တောင်သူလယ်မားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေအရ တောင်သူများ၏ ဈေးကွက်နှင့်ဈေးနှုန်းတည်ငြိမ်မှုရှိစေရန်ဖြစ်ကြောင်း ညွှန်ကြား ရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းကပြောသည်။

သို့သော်လည်း မဖြစ်မနေတင်သွင်းခွင့်ပြုမည်ဆိုလျှင်ပင် ခွင့်ပြုသင့်သည့်အခြေအနေနှင့်ပတ်သက်ပြီး "ကာလအကန့် အသတ်ရယ်၊ ပမာဏအကန့်အသတ်ရယ်၊ အရည်အသွေးအကန့်အသတ်ရယ်နဲ့ပဲ ခွင့်ပြုသင့်တယ်ပေါ့။ မပေးဘူးလို့တော့ မပြောဘူး။ ဒါပေမယ့် ဘယ်လိုထွက်လာမလဲတော့မသိဘူး"ဟု ၎င်းကပြောကြားခဲ့သည်။ ပြောင်းသည် ပြည်တွင်းပိုလျှံ သောကြောင့် ပြည်ပသို့တင်ပို့နေရသောသီးနှံဖြစ်သော်လည်း လက်ရှိဘဏ္ဍာရေးနှစ်အတွင်း ပြည်ပသို့တန်ချိန် ၂ ဒသမ ၁၅ သန်းအထိ တင်ပို့ခဲ့ခြင်းကြောင့် ပြန်လည် တင်သွင်းရမည့်အခြေအနေရှိနေကြောင်းလည်း စီး/ကူးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးအောင်ထူးက သြဂုတ်လအတွင်း ပြည်ထောင်စုလွှတ်တော်သို့ ပြောကြားခဲ့သေးသည်။

**Source:** https://myanmar.mmtimes.com/news/144084.html

## ကြက်သွန်နီ၊ အာလူး၊ မတ်ပဲ ဝယ်စုဆောင်းသူများလာ၍ ဈေးတက်

ကိုဗစ်- ၁၉ Stay At Home ကာလအတွင်း မီးဖိုချောင်သုံးပစ္စည်းများဖြစ်သည့် ကြက်သွန်နီ၊ အာလူး၊ မတ်ပဲ ဝယ်ယူစုဆောင်းသူများလာခြင်းကြောင့် ဈေးနှုန်းမြင့်တက်လာခဲ့ကြောင်း နယ်ပို့အဝယ်တော်အချို့နှင့် ညောင်ပင်လေးဈေးမှ လာဝယ်သည့် တစ်ဆင့်ပြန်လည်ရောင်းချသူ ကုန်သည်များထံမှသိရသည်။ "ကုန်ပွဲရုံတွေပိတ်မယ်ဆိုလို့ လက်လီလက်ကား ရောင်းတဲ့သူတွေ တစ်ဆင့်ပြန်ရောင်းဖို့ လာဝယ်ကြတာတွေရှိတယ်" ဟု ရေတမာလမ်းရှိ ကုန်စည်ပွဲရုံလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ဘုရင့်နောင်ကုန်စည်ပွဲရုံအချို့၏ စက်တင်ဘာ ၂၄ ရက်နေ့ဈေးများအရ ဆိပ်ဖြူကြက်သွန်နီ လက်ကားတစ်ပိဿာ ကျပ် ၆၀၀ မှ ၉၅၀ ကျပ်နှုန်း၊ ရှမ်းအောင်ပန်း အာလူးလက်ကားတစ်ပိဿာ ၆၅၀-၈၅၀-၉၅၀-၁၀၅၀ ကျပ်နှုန်း၊ တရုတ်အာလူး ၁၃၅၀ ကျပ်နှုန်းသို့ ဈေးနှုန်းမြင့် တက်သွားခဲ့ကြောင်းသိရသည်။ စက်တင်ဘာ ၂၄ ရက်နေ့တွင် ဘုရင့်နောင်ကုန်စည်ဒိုင်သို့ နယ်မှ ကြက်သွန်နီပိဿာချိန် ၁၂၀၀၀၀၊ အာလူးပိဿာချိန် ၃၆၀၀၀ ဝင်ရောက်ခဲ့သည်။ စက်တင်ဘာ ၁၇ ရက်တွင် ရန်ကုန် ကုန်စည် ဈေးကွက်အတွင်း ဆိပ်ဖြူကြက်သွန်နီလက်ကား တစ်ပိဿာ ၄၅၀-၅၅၀-၅၅၀-၅၅၀ ကျပ်၊ မုံရွာ ကြက်သွန်နီလက်ကား တစ်ပိဿာ ၄၇၅-၆၂၅-၆၂၅-၆၂၅ ကျပ်နှုန်းသာရှိခဲ့ခြင်းဖြစ်ပြီး သီတင်းတစ်ပတ်အတွင်း ကျပ် ၈၅၀ သို့ ဈေးမြင့် လာခြင်း ဖြစ်သည်။

ကြက်သွန် စိုက်ပျိုးထွက်ရှိရာဒေသများ၌လည်း တစ်ပိဿာ ၈၅၀ ကျပ်ဝန်းကျင်သို့ ဈေးမြင့်လာသည်ဟု နယ်ဈေးကွက် သတင်းများအရသိရသည်။ တရုတ် အာလူးလက်ကား တစ်ပိဿာဈေးနှုန်းသည်လည်း စက်တင်ဘာ ၁၇ ရက်တွင် ၇၈၀ ကျပ်သာ ရှိခဲ့သော်လည်း စက်တင်ဘာ ၂၃ရက်နေ့ နံနက် ၇ နာရီ တွင် တရုတ်အာလူး တစ်ပိဿာ ၉၀၀ ကျပ်နှုန်းဖြင့် စတင်ဈေးဖွင့်ခဲ့ပြီး အလုအယက်ဝယ်ယူမှု များပြားခဲ့ခြင်းကြောင့် နံနက် ၉ နာရီ တွင် ၁၂၀၀ ကျပ်နှုန်း၊ နေ့လယ်တွင် ၁၄၅၀ ကျပ်နှုန်းအထိ ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း အာလူးပွဲရုံလုပ်ကိုင်သူများထံမှသိရသည်။ "ပြီးခဲ့တဲ့တစ်ပတ်က အာလူး ၁ ပိဿာကို ဈေးမှာ ကျပ် ၁၂၀၀ ဝယ်ရတယ်။ ၄ ရက်အကြာထပ်ဝယ်ဖို့သွားတော့ ၁ ပိဿာကို ၁၅၀၀ ဖြစ်သွားတယ်။ Stay At Home ကာလ ဖြစ်တာကြောင့် အိမ်ထဲမှာနေတဲ့ မိသားစုတွေက အပြင်သိပ်မထွက်ရအောင် ခါတိုင်းထက် ပိုပိုသာသာဝယ်ထားကြတော့ အဝယ် လိုက်လို့ ဈေးတက်တာလို့မြင်တယ်" ဟု လသာမြို့နယ်နေ အိမ်ရှင်မ ဒေါ်မြင့်ရီကပြောသည်။ အထူးသဖြင့်ဈေးကွက်အတွင်း နယ်မှ အာလူးကုန်ကားများ ဝင်ရောက်ချိန်တွင် ကားပေါ်မှအာလူးအိတ်များကို ပွဲရုံအချို့က အလုအယက်ဝယ်ယူမှုများကို ရေတမာလမ်း အတွင်းမြင်တွေ့ခဲ့ရကြောင်း အဝယ်တော် ကိုအောင်မြင့်က ပြောသည်။

ကြက်သွန်နီနှင့်အာလူးဈေးများ အဆမတန်ဈေးမြင့်နေချိန်တွင် ကြက်သွန်ဖြူ၊ ငရုတ်၊သကြား၊ထန်းလျက်ဈေးနှုန်းများ မူလဈေးဖြင့် တည်ငြိမ်လျက်ရှိသည်။ ရန်ကုန် ကုန်စည်ဈေးကွက်အတွင် လအတန်ကြာ ဈေးနှုန်းပြောင်းလဲမှုနည်းခဲ့သည့် မတ်ပဲဈေးနှုန်းသည် ၁၀ရက်အတွင်း ဈေးမြင့်တက်လာခဲ့သည်။ စက်တင်ဘာ ၁၄ ရက်တွင် မတ်ပဲ RC တစ်တန် ၉၁၅၀၀၀ ကျပ်၊ပဲစင်းငုံနီ RC တစ်တန် ၈၀၀၀၀၀ ကျပ်နှုန်းသာ ရှိခဲ့ရာက စက်တင်ဘာ ၂၄ရက် နေ့တွင် မတ်ပဲ RC တစ်တန် ၁၀၆၀၀၀၀ ကျပ်နှုန်း၊ ပဲစင်းငုံ RC တစ်တန် ၈၃၅၀၀၀ ကျပ်နှုန်းသို့မြင့်တက်ခဲ့သည်။ မတ်ပဲတစ်တန် ကျပ်၉၀၀၀၀ဝန်းကျင်၊ ပဲစင်းငုံတစ်တန် ကျပ် ၃၅၀၀၀ သို့ ဈေးမြင့်တက်လာခြင်းကြောင့် ပဲသိုလှောင်သူများ မျှော်လင့်ချက်ပြည့်ဝလာသည်ဟု ကျောင်းကုန်းမြို့နယ်မှ မတ်ပဲ ကုန်သည် ဦးကျော်တင့်က ပြောသည်။

**Source:** https://myanmar.mmtimes.com/news/144080.html

## ကမ်းဝေးငါးဖမ်းလှေများကို သတ်မှတ်ချက်များနှင့် ကိုက်ညီမှသာ ငါးဖမ်းခွင့်ပြုနေ



ငါးဖမ်းရာသီပြန်လည်စတင်ပြီဖြစ်၍ ကမ်းဝေးငါးဖမ်းလှေများကို ငါးလုပ်ငန်း ဦးစီးဌာန၏ သတ်မှတ်ထားချက်များနှင့်ကိုက်ညီမှု ရှိ၊ မရှိ စစ်ဆေးပြီး ကိုက်ညီမှုရှိမှသာ ပင်လယ်ပြင်အတွင်းသို့ ငါးဖမ်းရန် ထွက်ခွာခွင့်ပြုပေးလျက်ရှိကြောင်း ငါးလုပ်ငန်းဦးစီးဌာနထံမှ သိရ သည်။ "စက်တင်ဘာ ၁ ရက်ကနေ သက်ဆိုင်ရာ check point (စစ်ဆေးရေးဂိတ်) ကနေ စိစစ်ပြီးတော့မှ ငါးဖမ်းလှေတွေ ထွက်ခွင့် ကို ခွင့်ပြုပေးနေတာပါ။ အဲဒီမှာ ရေလုပ်သားကတ်ပါရမယ်။ ပိုက်အစိပ်တွေပါ၊ မပါစစ်တယ်။ VMS စက် (ဂြိုဟ်တုဆက်သွယ်ရေးစနစ် ဖြင့် အဝေးထိန်းစောင့်ကြည့်ရေးစနစ်) တွေ အွန်လိုင်းမှာ ပေါ်၊ မပေါ်တွေ စစ်ပြီး ပေါ်မှလွှတ်ပေးပါတယ်။ လူဦးရေလျှော့တာတွေကတော့လုပ်လို့မရဘူး။ ကိုယ်အပူချိန်တိုင်း၊ အဖျားတိုင်းပြီးမှ လှေတစ်စင်းမှာပါရမယ့်လူဦးရေအတိုင်းပဲ ခွင့်ပြုပေးနေပါတယ်။ လူလျှော့လိုက်ရင် ပင်လယ်ထဲမှာ

လှေတစ်ခုခုဖြစ်ရင် အန္တရာယ်ရှိတယ်။ အဲဒါကြောင့် လူဦးရေကတော့ ပါသင့်ပါရှိရမယ့် အရေအတွက်အတိုင်းကို ငါးလုပ်ငန်းဦးစီးဌာနက သတ်မှတ်ချက်တွေနဲ့ ကိုက်၊မကိုက် စစ်ဆေးပြီးမှ ပင်လယ် ပြင်အတွင်းကို ထွက်ခွင့်ပြု ပေးနေပါတယ်"ဟုငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဇင်ထူးကပြောသည်။ လက်ရှိချိန်အထိ သတ်မှတ်ချက်များနှင့် ကိုက်ညီ၍ပင်လယ်ပြင်တွင် ငါးဖမ်းခွင့်ပြုထားသည့် ငါးဖမ်းလှေ ၂၁၈၇ စင်း၊ ငါးသယ်လှေ ၁၁၅ စင်း စုစုပေါင်းရေယာဉ် ၂၃၀၂ စင်းတို့ကို ငါးဖမ်းခွင့်ပြုပေးထားပြီးဖြစ်ကြောင်း သိရသည်။

ဖွန်၊ ဇူလိုင်နှင့်ဩဂုတ်လသုံးလကို ငါးမဖမ်းရ ရာသီအဖြစ်သတ်မှတ်ကာ မြန်မာ့ပင်လယ်ပြင် ကမ်းဝေးငါးဖမ်း ခွင့်ကို ပိတ်ထားခဲ့ရာလက်ရှိတွင် ငါးမဖမ်းရကာလ သုံးလတာပြည့်မြောက်ပြီဖြစ်၍ စက်တင်ဘာ ၁ ရက်က စတင်၍ ကမ်းဝေးငါးလှေများကို ပင်လယ်ပြင်အတွင်း ငါးဖမ်းခွင့်များ ပြန်လည်ခွင့်ပြုပေးလျက်ရှိကြောင်း၊ ထိုသို့ ခွင့်ပြုပေးရာတွင် ငါးဖမ်းလှေများကို ငါးလုပ်ငန်းဦးစီးဌာနကသတ်မှတ်ထားသည့်အချက်များနှင့်ကိုက်ညီမှသာ ပင်လယ်ပြင် အတွင်း ငါးဖမ်းထွက်ခွင့်ပြုပေးနေခြင်းဖြစ်သည်။ "ကမ်းဝေးငါးဖမ်းလှေပေါင်းက ၃၄၀၀ ကျော်အထိရှိတယ်။ တစ်ခါတည်းတော့ တစ်ပြိုင်တည်း ထွက်ချင်မှထွက်နိုင်မယ်။ တစ်ဦးမှာ ငါးဖမ်းလှေအစင်း ၅၀ ရှိရင် ၂၅စင်းအရင်ထွက်ရင် ထွက်တာမျိုးရှိတာပေါ့။ အခုက အဝေးထိန်းစနစ်ဖြစ်တဲ့ VMS စက်တွေအားလုံးတပ်ထားပြီးပြီဆိုတော့ သူတို့အတွက်ကတော့ အရင်ကငါးမဖမ်းရတဲ့ ဇရိယာတွေထဲဝင်ဖမ်းနေရင် ကိုယ်တွေက မသိရဘူးပေါ့။ အခု VMS စက်တွေ တပ်ထားတဲ့အတွက် ငါးဖမ်းဇရိယာရဲ့ အပြင်ဘက်ထွက်ပြီး ဖမ်းခွင့်မရှိတဲ့ ဇရိယာထဲဝင်ဖမ်းနေတာမျိုးတွေကို အခန်းထဲကထိုင်ပြီးသိနိုင်ပြီပေါ့။ အခုလက်ရှိ မှာလည်း အဲဒီလိုဖမ်းခွင့်မရှိတဲ့ ဇရိယာအတွင်း ဝင်ဖမ်းတာလေးတွေ တွေ့ရတယ်။ သတိပေးတာ၊ ဒဏ်ရိုက်တာလောက်တော့ လုပ်ပါတယ်"ဟု ဦးမြင့်ဇင်ထူးကပြောသည်။

**Source:** https://www.thefarmermedia.com/news/15630

## ဂျပန်နှင့်ဗြိတိန် နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့်ပတ်သက်သည့် သဘောတူညီချက်ရရှိခဲ့



ဂျပန်နိုင်ငံသည် ဗြိတိန်နိုင်ငံနှင့် စီးပွားရေးမိတ်ဖက်သဘောတူ စာချုပ်နှင့်ပတ်သက်၍ ကျယ်ပြန့်သည့်သဘောတူညီချက်ကို ရခဲ့ကြောင်း သိရပါသည်။ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့တွင် အဆိုပါသဘောတူ စာချုပ်ကို အသက်ဝင်စေရန် နှစ်ဘက်စလုံးက ရည်ရွယ်ထားပါသည်။

ဂျပန်နိုင်ငံခြားရေးဝန်ကြီး Mr. Motegi Toshimitsu နှင့် ဗြိတိန်နိုင်ငံတကာကုန်သွယ်ရေးအတွင်းရေးမှူး Ms. Elizabeth Truss တို့သည် စက်တင်ဘာလ ၉ ရက်နေ့တွင် ဆွေးနွေးခဲ့ကြပြီးအဆိုပါဆွေးနွေးပွဲတွင် စိုက်ပျိုးရေးထွက်ကုန်များအပေါ် အခွန်ကောက်မှု အပါအဝင် ကျန်နေသေးသော မပြီးပြတ်သေးသည့်ကိစ္စရပ်များကို နှစ်ဘက်အရာရှိများအကြား ဘုံအခြေခံသဘောတူညီမှုများ ရရှိခဲ့ကြပါသည်။

အီလက်ထရောနစ်ကုန်သွယ်ရေးနှင့် အခြားကိစ္စရပ်များအတွက် စည်းမျဉ်းသတ်မှတ်ချက်များနှင့်ပတ်သက်၍လည်း နှစ်ဘက်သဘောတူညီမှုရခဲ့ပြီး ထိုသို့သဘောတူညီမှုများသည် ဂျပန်နှင့်ဥရောပသမဂ္ဂအကြားရှိ စီးပွားရေးမိတ်ဖက် သဘောတူညီချက်ထက် ပိုပြီးပြည့်စုံမှုရှိကြောင်း Mr. Motegi က ဆိုပါသည်။ အဆိုပါ သဘောတူညီချက်ကြောင့် ဂျပန်နှင့်ဗြိတိန် နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုကဏ္ဍ ပိုမိုတိုးတက်စေမည်ဟု ယုံကြည်ပါကြောင်းကိုလည်း Mr. Motegi က ထည့်သွင်း ပြောကြားခဲ့ကြောင်းသိရပါသည်။

**Source: စီးပွားရေးသံမှူး-မြန်မာသံရုံး၊ ဂျပန်**

## ပို့ကုန်ခွင့်ပြုချက်ရရှိပြီး လုပ်ငန်းဆောင်ရွက်ဆဲ ကြက်သွန်နီများအား အိန္ဒိယအစိုးရက ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဆက်လက်တင်ပို့ခွင့်ပြုခဲ့ခြင်း

အိန္ဒိယအစိုးရက ၁၄.၉.၂၀၂၀ နေ့တွင် အမိန့်ကြော်ငြာစာထုတ်ပြန်၍ ကြက်သွန်နီအမျိုးအစားများအားလုံးကို ပြည်ပသို့ တင်ပို့ခြင်းအား တားမြစ်ပိတ်ပင်ခဲ့ရာ အိန္ဒိယနိုင်ငံထံမှ သွင်းကုန်အပေါ် အမှီပြုနေရသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကြက်သွန်နီ ဈေးကွက်တွင် ဈေးနှုန်းများချက်ချင်းမြင့်တက်လာခဲ့ပါသည်။ ထို့နောက် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ သံတမန်လမ်းကြောင်းမှ ဆက်သွယ်ဆောင်ရွက်လာမှုအရ အိန္ဒိယပြည်ပကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန (DGFT) သည် တင်ပို့မှု လုပ်ငန်းဆောင်ရွက်ဆဲ ကြက်သွန်နီတန်ချိန် ၂၅၀၀၀ အား ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဆက်လက် တင်ပို့ခွင့်ပြုခဲ့ကြောင်း သိရှိရ ပါသည်။

အိန္ဒိယအစိုးရက တားမြစ်အမိန့်ထုတ်ပြန်ချိန်၌ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ထိစပ်လျက်ရှိသည့် ခရိုင် ၆ ခုရှိ နယ်စပ် စစ်ဆေးရေးဂိတ်များတွင် ကြက်သွန်နီတန်ချိန် ၂၅၀၀၀ ခန့် တင်ဆောင်လာသည့် ကုန်တင်ယာဉ်ပေါင်း ၁၀၀၀ ခန့်မှာ ပိတ်မိနေခဲ့ကြောင်း၊ အကောက်ခွန်ဌာန၌ စာရင်းသွင်းပြီး စစ်ဆေးမှုခံယူလျက်ရှိသည့် ကုန်စည်များနှင့် ၎င်းအမိန့်မထုတ်မီက ပို့ကုန် ခွင့်ပြုချက်ရရှိပြီးသော လုပ်ငန်းဆောင်ရွက်ဆဲကုန်စည်များအား ဆက်လက်တင်ပို့နိုင်သည်ဟု DGFT က ရှင်းလင်းချက် ထပ်မံ ထုတ်ပြန်ခဲ့သော်လည်း ကုန်းတွင်းဆိပ်အချို့တွင် ကြက်သွန်နီကုန်တင်ယာဉ်များ ကျန်ရှိနေဆဲဖြစ်ကြောင်း၊ နယ်စပ်ဂိတ် များ၌ ရက်သတ္တတစ်ပတ်ခန့်ကြာ စောင့်ဆိုင်းခဲ့ရသဖြင့် ကုန်တင်ယာဉ်များတွင်ပါရှိသော ကြက်သွန်နီများ၏ ၂၅% ခန့်မှာ အရည်အသွေး ထိခိုက်မှုဖြစ်ပေါ် ပြီး ၎င်းတို့အနက်အချို့ကို ကောကတ္တားဒေသရှိ လက္ကားကုန်စည်ဒိုင်များသို့ ပြောင်းလဲပို့ဆောင်ခဲ့ရကြောင်း၊ သို့ဖြစ်ရာ အနောက်ဘင်ဂေါပြည်နယ်ရှိ လက္ကားဈေးကွက်တွင် ကြက်သွန်နီဈေးနှုန်းမှာ ၁ ကီလိုလျှင် ၃ ရူပီးမှ ၅ ရူပီးအထိကျဆင်းခဲ့ကြောင်း၊ ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ အဓိက ကုန်းတွင်းဆိပ် ၃ ခုဖြစ်သော ပီထရာပို၊ ဂိုဂျဒင်္ဂနှင့် မဟာဒိပူတို့၌ ကြက်သွန်နီတန်ချိန် ၁၅၀၀ မှ ၂၀၀၀ ခန့် ကျန်ရှိနေပြီး၊ မဟာရဋ္ဌပြည်နယ် နာရှစ်ဒေသမှ ရထားဖြင့်တင်ပို့သည့် ကြက်သွန်နီ တန်ချိန် ၁၀၀၀ မှ ၁၅၀၀ ခန့်သည် ရာနာဂတ်ဘူတာရုံ၌ ဆိုက်ကပ်ထားရဆဲဖြစ်ကြောင်းစသည်ဖြင့် အနောက်ဘင်ဂေါပြည်နယ်ရှိ ပို့ကုန်လုပ်ငန်းရှင်များက ပြောဆိုမှုအား The Hindu Business Line သတင်းဌာနက ရေးသားဖော်ပြပါသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ Chittagong Plant Quarantine ဌာနသည် ကြက်သွန်နီ ၁၁၈၇၂၇ တန်အား ပင်လယ် ရေကြောင်းမှတင်သွင်းရန် သွင်းကုန်ခွင့်ပြုမိန့် ၂၇၄ စောင်ကို စက်တင်ဘာလ ၃ ရက်နေ့မှ ၂၁ ရက်နေ့အတွင်း ထုတ်ပေးခဲ့ သည်ဟု Dhaka Tribune သတင်းဌာနထံမှ သိရှိရကြောင်း၊ ၎င်းတို့အနက် ကြက်သွန်နီတန်ချိန် ၁၇၃၆၅ တန်သည် တရုတ် နိုင်ငံထံမှ တင်သွင်းရန် ခွင့်ပြုခဲ့ခြင်းဖြစ်ကြောင်း၊ သို့ဖြစ်ရာ ၎င်းနှင့်နယ်စပ်ဒေသ ဆက်ဆံရေးတင်းမာမှုများဖြစ်ပေါ် လျက်ရှိသည့် တရုတ်နိုင်ငံနှင့်ပါကစ္စတန်နိုင်ငံတို့က အိမ်နီးချင်းနိုင်ငံများရှိ ကြက်သွန်နီဈေးကွက် ဝေစုအားရယူနိုင်ခြင်း မရှိစေရန်အတွက် အိန္ဒိယအစိုးရအနေဖြင့် လုပ်ဆောင်သွားဖွယ်ရှိကြောင်း၊ အိန္ဒိယကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် Bangalore rose နှင့် Krishnapuram ကဲ့သို့ ပြည်တွင်းဈေးကွက်လိုအပ်ချက်အပေါ် သက်ရောက်မှုနည်းပါးသည့် ကြက်သွန်နီ အမျိုးအစား များကို အနိမ့်ဆုံးပို့ကုန်ဈေးနှုန်း (minimum export price) သတ်မှတ်လျက် တင်ပို့ခွင့်ပြုရန် စဉ်းစားလျက်ရှိပြီး ပြည်တွင်း ဈေးနှုန်းမြင့်တက်မှုမဖြစ်စေပဲ ပို့ကုန်လုပ်ငန်းပိုင်းဆိုင်ရာ ဖြေလျှော့မှုများလုပ်ဆောင်နိုင်ရေး ဌာနအကြီးအကဲပိုင်း အဆင့်၌ ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိသည်ဟု ၎င်းဌာနမှအရာရှိအချို့က ပြောဆိုကြောင်းဖြင့် အိန္ဒိယနိုင်ငံရှိ Telegraph India သတင်းဌာနကဖော်ပြပါသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် နှစ်စဉ်ကြက်သွန်နီတန်ချိန် ၄ သိန်းမှ ၅ သိန်းခန့်အား အိန္ဒိယနိုင်ငံထံမှ တင်သွင်းလျက်ရှိပြီး ခန့်မှန်းတွက်ချက်မှုများအရ လစဉ်လိုအပ်ချက်မှာ တန်ချိန် ၂ သိန်းခန့်ရှိကြောင်း၊ လက်ရှိကာလ၌ ပြည်တွင်းကြက်သွန်နီ ကုန်လက်ကျန်မှာ တန်ချိန် ၅.၆ သိန်းခန့်ရှိ ကြောင်း လေ့လာသိရှိရပါသည်။

**Source:** **1. Onion prices fall in Bengal with Bangladesh–bound trucks diverted to local markets, 21 Sept 2020, The Hindu Business Line**

**2. India allows export of onions in transit to Bangladesh, 20 Sept 2020, Indian Express**

**3. Onion exports to Bangladesh to resume, 23 Sept 2020, Telegraph India**

**စီးပွားရေးသံမှူး–မြန်မာသံရုံး၊ နယူးဒေလီမြို့**

# STOCK EXCHANGE (25.9.2020)

YANGON
STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

## Stock trading data

As of 25th Sep. 2020

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,900 | -100 | -1.00% | 9,900 | 9,900 | 9,900 | 66 | 653,400 | 27,112,747 | 268,416 |
| MTSH | 00002 | 3,700 | +0 | +0.00% | 3,650 | 3,700 | 3,650 | 711 | 2,599,350 | 38,929,150 | 144,038 |
| MCB | 00003 | 8,000 | -100 | -1.23% | 8,000 | 8,000 | 8,000 | 1 | 8,000 | 10,400,986 | 83,208 |
| FPB | 00004 | 23,000 | +500 | +2.22% | 22,500 | 23,000 | 22,500 | 9,431 | 216,843,500 | 2,472,053 | 56,857 |
| TMH | 00005 | 2,700 | -50 | -1.82% | 2,700 | 2,750 | 2,700 | 185 | 499,650 | 12,823,224 | 34,623 |
| EFR | 00006 | 3,000 | +0 | +0.00% | 3,000 | 3,000 | 3,000 | 45 | 135,000 | 19,977,223 | 59,932 |

## Market summary

As of 25th Sep. 2020

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 434.87 | -2.12 | -0.49% | 433.43 | 434.87 | 433.43 | 10,439 | 220,738,900 | 6 | 647,074 |

### Index chart




## Market Overview

As of 1:00 pm, 25th Sep. 2020

| MYANPIX | 434.87 ▼ 2.12 |
|---|---|
| Total Volume (shares) | 10,439 |
| Total Value (MMK) | 221 mil |
| Listed Company | 6 |
| Market Cap. (MMK) | 647,074 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,900 | ▼ 100 |
| MTSH | 00002 | 3,700 | ▲ 0 |
| MCB | 00003 | 8,000 | ▼ 100 |
| FPB | 00004 | 23,000 | ▲ 500 |
| TMH | 00005 | 2,700 | ▼ 50 |
| EFR | 00006 | 3,000 | ▲ 0 |